# အထူးကုန်စည်ခွန်ကျသင့်ခြင်းနှင့်ပေးဆောင်ရန်တာဝန်ရှိခြင်း

| စဉ် | ဆောင်ရွက်မှု | ပေးဆောင်ရမည့်သူ | အခွန်နှုန်း အခြေပြုရမည့်နေ့ | အခွန်အခြေပြုတွက်ချက်ရမည့်တန်ဖိုး | ပေးဆောင်ရမည့် အချိန် | မှတ်ပုံတင်ရမည့် အချိန် | ကြေညာလွှာ တင်ရမည့်အချိန် | အထူးကုန်စည်ခွန်ကျသင့်ခြင်းအတွက်တွက်ချက်မှု | ကောက်ခံရမည့် ဌာန |
|---|---|---|---|---|---|---|---|---|---|
| ၁ | တင်သွင်းခြင်း | တင်သွင်းသူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ကုန်းပေါ်ရောက်တန်ဖိုး | အကောက်ခွန် ဦးစီးဌာနမှရွေးယူ ခြင်းမပြုမီ | အစောဆုံးတင်သွင်း သည့်အထူးကုန်စည် ကိုအကောက်ခွန် ဆိုင်ရာရှင်းလင်း ထုတ်ယူခြင်းမပြုမီ (သက်တမ်း ၁ နှစ်) | ကုန်ပစ္စည်းစာရင်းကို အကောက်ခွန်ဦးစီးဌာန သို့တင်သွင်းရမည်။ **ပတခ(အထခ)-၆** (အကောက်ခွန်ဦးစီး ဌာနမှထုတ်ယူခြင်း မပြုမီတင်သွင်းရန်) | ကျသင့်အခွန် = (အကောက်ခွန် စည်းကြပ်တန်ဖိုး + အကောက်ခွန် + ကုန်ချစရိတ်) x အခွန်နှုန်း | အကောက်ခွန် ဦးစီးဌာန |
| ၂ | ထုတ်လုပ်ခြင်း | ထုတ်လုပ်သူ | (၁)<br>ရောင်းချသည့်နေ့<br><br>(၂)<br>ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များ ဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့ | (၁) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြုသတ်မှတ်ပေးသည့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊<br>(၂) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူကတင်ပြသည့်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုး | (၁)<br>ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ရက်အတွင်း<br><br>(၂)<br>ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်အထူး ကုန်စည်ဖြစ်လျှင် **ထုတ်လုပ်သည့်လ၏** လကုန်ဆုံးပြီး ၁၀ရက်အတွင်း **ပတခ(အထခ)-၁၄** | **<u>လုပ်ငန်းအသစ်စတင်</u>** အထူးကုန်စည် စတင်မထုတ်မီ ၃ လကြိုတင်၍ **<u>အထူးကုန်စည် အခွန်ထမ်းဖြစ်လျှင်</u>** (နိုင်ငံပိုင်ကဏ္ဍမှလွဲ၍) ဧပြီ ၁ ရက်မတိုင်မီ ၃ လအတွင်း (ဒီဇင်ဘာလမကုန်ဆုံးမီ) ကြိုတင်၍ (နိုင်ငံပိုင်ကဏ္ဍဖြစ်လျှင်) အောက်တိုဘာ ၁ ရက် မတိုင်မီ ၃လအတွင်း (ဇွန်လမကုန်ဆုံးမီ) ကြိုတင်၍ | သက်ဆိုင်ရာ သုံးလပတ် ကုန်ဆုံးပြီး ၁၀ ရက်အတွင်း **ပတခ(အထခ)-၈** | ၁။ Tier အလွှာပါရှိသော အရက် / စီးကရက် / ဝိုင်<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x သတ်မှတ်ဈေးကွက် ပေါက်ဈေး အလွှာအလိုက် တစ်ယူနစ်အတွက်ကျသင့်အထူးကုန်စည်ခွန်<br>၂။ဘီယာ<br>ကျသင့်အခွန် = ကုန်စည်ယူနစ်အရေအတွက် x သတ်မှတ်စက်ရုံရောင်းဈေး x ၆၀ / (၁၀၀+၆၀)<br>၃။ ဆေးပေါ့လိပ် (ပုဂ္ဂလိက)<br>ကျသင့်အခွန် = အလိပ်အရေအတွက် x ၅၀ ပြား<br>၄။ ကျန်အထူးကုန်စည်(၁၂)မျိုး<br>(အရက်/စီးကရက်/ဝိုင်/ဘီယာ/ဆေးပေါ့လိပ်များမပါ)<br>ကျသင့်အခွန် = ({သတ်မှတ်ကုန်စည်အရေအတွက် x သတ်မှတ်စက်ရုံရောင်းဈေး} - ကုန်သွယ်လုပ်ငန်းခွန်) x အထူးကုန်စည်ခွန်နှုန်း / (၁၀၀ + အထူးကုန်စည်ခွန်နှုန်း) | ပြည်တွင်းအခွန်များ ဦးစီးဌာန |
| ၃ | တင်ပို့ခြင်း | တင်ပို့သူ | အကောက်ခွန် ရှင်းလင်းသည့်နေ့ | ပြည်ပသို့သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး (FOB Price) | တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း | အစောဆုံးတင်ပို့သည့် အထူးကုန်စည်ကို အကောက်ခွန် မရှင်းလင်းမီ | အစောဆုံးတင်ပို့သည့် အထူးကုန်စည်ကို အကောက်ခွန် မရှင်းလင်းမီ | ကျသင့်အခွန် = ကုန်သွယ်လုပ်ငန်းခွန်မပါရောင်းရငွေ x အခွန်နှုန်း / (၁၀၀ + အခွန်နှုန်း)<br>(ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ပါက FOB Price) | ပြည်တွင်းအခွန်များ ဦးစီးဌာန |
| ၄ | လက်ဝယ် တွေ့ရှိခြင်း | လက်ဝယ် ထားရှိသူ | စစ်ဆေးတွေ့ရှိ သည့်နေ့ | စိစစ်တွေ့ရှိသည့်အချိန် ဈေးကွက်ပေါက်ဈေး | စိစစ်တွေ့ရှိသည့်နေ့ မှခုနစ်ရက်အတွင်း | - | - | အခွန်မပေးဆောင်ထားသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀% ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်။ | ပြည်တွင်းအခွန်များ ဦးစီးဌာန |

မှတ်ချက်။ (၁) ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁ (ခ) အရ အထူးကုန်စည် ၁၇ မျိုးအနက် အထူးကုန်စည်အမျိုးအစား (၅) မျိုးမှလွဲ၍ ကျန်အမျိုးအစားများအား ပြည်ပတင်ပို့လျှင် အထူးကုန်စည်အခွန်ထမ်းအဖြစ် မှတ်ပုံတင်ရန် မလိုအပ်ပါ။

(၂) ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၂ အရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီးနှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းချရငွေ စုစုပေါင်းကျပ်သိန်း၂၀၀တိတိထက် မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်း မပြုသဖြင့် အခွန်ထမ်းအဖြစ် မှတ်ပုံတင်ရန် မလိုအပ်ပါ။ (ဆေးပေါ့လိပ်လုပ်ငန်းရှင်များအနေဖြင့် မှတ်ပုံတင်ရန်လိုအပ်ပါသည်)